# ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ
# ၁၉၇၂ ခုနှစ်၊ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေ
# [၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅။]
# ရန်ကုန်မြို့၊ ၁၃၃၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်။
# (၁၉၇၂ ခုနှစ်၊ စက်တဘာလ ၂၈ ရက်။)

Myanmar Law Information System (MLIS)

အောက်ဖော်ပြပါဥပဒေကိုထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၇၂ ခုနှစ်၊ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာဥပဒေ**ဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၇၂-၇၃ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အကျိုးသက်ရောက်ရမည်။

၂။ ။ (၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၏ ဘဏ္ဍာငွေအရ-အသုံးသည်လည်းကောင်း၊ တော်လှန်ရေးကောင်စီမှအပ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရပိုင်တခုလုံး၏ ဘဏ္ဍာငွေအရ-အသုံးသည် လည်းကောင်း၊ ပြည်သူ့ဘဏ္ဍာရံပုံငွေဖြင့်လုပ်ကိုင်သွားရမည်။

(၂) ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရသည်၊ အစိုးရလက်အောက်ခံစီးပွါးရေးလုပ်ငန်းများကို သီးသန့်ရင်း နှီးငွေနှင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန်ငွေများ၊ ခွဲဝေပေးထားနိုင်သည်။ ယင်းကဲ့သို့ ခွဲဝေပေးထား သည့်ငွေများသည်လည်း ပြည်သူ့ဘဏ္ဍာရံပုံငွေ၏ အစိတ်အပိုင်းသာဖြစ်ရမည်။

၃။ ။ (၁) ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၃ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့၌ကုန် ဆုံးသည့်ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်း**ကျပ်ငွေခြောက်ရာကုဋေ**အထိ၊ ပြည်ထောင်စု မြန်မာနိုင်ငံအစိုး ရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည်၊ အစိုးရငွေချေးစာချုပ်များ၊ သို့မဟုတ် အာမခံစာချုပ်များထုတ် ပေးခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ မည်သူ့ထံမဆို ငွေချေးယူနိုင်သည်။ ထိုကဲ့သို့ငွေချေးသောအ ခါ၊ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများသတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန် ပြန်ရွေးရန်၊ သို့ မဟုတ်တခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်းပြုလုပ်နိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ချေးယူရရှိသောငွေအားလုံးကို၊ ပြည်သူ့ဘဏ္ဍာရံပုံငွေတွင် ထည့်သွင်းရမည်။

(၃) ပုဒ်မခွဲ (၁) အရ၊ ရရှိသည့်ချေးငွေများအတွက် ပြန်ဆပ်ရန်ငွေရင်းနှင့် အတိုးကိုလည်းကောင်း၊ ကုန် ကျသည့် စရိတ်ငွေများကိုလည်းကောင်း ပြည်သူ့ဘဏ္ဍာရံပုံငွေမှထုတ်ပေးရမည်။

၄။ ။ (၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ၏ ဘဏ္ဍာငွေအရ-အသုံးနှင့် သက်ဆိုင်သော ပြည်သူ့ဘဏ္ဍာရံပုံငွေကို တော်လှန်ရေးကောင်စီ၏ဘဏ္ဍာရေးကော်မီတီက စီမံခန့်ခွဲရမည်။

(၂) တော်လှန်ရေးကောင်စီမှအပ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရပိုင်း၏ ဘဏ္ဍာငွေအရ-အသုံးနှင့် သက် ဆိုင်သော ပြည်သူ့ဘဏ္ဍာရံပုံငွေကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက စီမံခန့်ခွဲရမည်။

၅။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၏ ဘဏ္ဍာရေးကော်မီတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရဝန်ကြီးချုပ်နှင့် ဝန်ကြီးအသီးသီးသည်၊ အောက်ပါဇယား ၁၊ ၂၊ ၃ နှင့် ၄ တို့တွင် မိမိနှင့်တပြေးတည်းဖော်ပြထားသောဘဏ္ဍာငွေရငွေနှင့် သုံးငွေများကိုတည်ဆဲဘဏ္ဍာရေးနည်းဥပဒေများ၊ စည်းမျဉ်း များ၊ ညွှန်ကြားချက်များနှင့်အညီ စီမံအုပ်ချုပ်ရမည်။

ဦးနေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

အမိန့်အရ၊
ကိုကို၊
အတွင်းရေးမှူး၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဇယား (၁)
[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဇယား (၂)
[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ဝန်ကြီးချုပ်ရုံး၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများဇယား (၂)
[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 အစိုးရလက်အောက်ခံ ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ ကောင်စီ၊ ကော်မီတီနှင့်ဘဏ်များဇယား (၃)
[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 အစိုးရလက်အောက်ခံဒေသန္တရအဖွဲ့အစည်းများ။ ။ အဆက်ဇယား (၄)

Myanmar Law Information System (MLIS)